## (ရှင်လောင်း ကျက်ရန်)
## ချမ်းပူကို ပယ်ဖျောက်၍ အရှက်အကြောက်ကို ဖုံးလွှမ်းခြင်းငှါ ဤသင်္ကန်းကို ဝတ်ရုံပါ၏။

**သင်္ကန်းဝတ်ခါနီး ဩဝါဒ။** ။သင်္ကန်းကို ရှင်လောင်းအား ပေးပြီးနောက် သင်္ကန်းဝတ်ခါနီး၌ ဆင်ခြင်ဘို့ရန် ဆရာက ပြောပြဘွယ် ရှိပါသေးသည်၊ (နာမည်ကို ခေါ်၍) မောင်ဒွေး...ဤသင်္ကန်းသည် **အေး** အပူကိုလည်း ကာကွယ်နိုင်၏၊ မှက် ခြင် လေ နေတို့ကိုလည်း **ကာကွယ်နိုင်၏**၊ သင်္ကန်းမဝတ်ဘဲ ကိုယ်တုံးလုံးနေလျှင် ရှက်စရာ ကိုယ်အင်္ဂါတွေ ပေါ်နေ၏၊ ထို ရှက်စရာ ကိုယ်အင်္ဂါကိုလည်း ဤသင်္ကန်းသည် ဖုံးထားနိုင်၏၊ ထိုအေး, အပူ, လေ, နေတို့နှင့် ရှက်စရာ ကိုယ်အင်္ဂါကို ကွယ်ကာဖုံးလွှမ်းဘို့ရာ ဤသင်္ကန်းကို ဝတ်ရုံပါသည်၊ လှပအောင် ဝတ်ဆင်ခြင်း မဟုတ်ပါ-ဟု စိတ်ထဲမှာ ဆင်ခြင်ပါ၊ ဒီလို ဆင်ခြင်ပြီးဝတ်မှ အပြစ်လွတ်ကင်းတယ်။

**သင်္ကန်းဝတ်ပုံ။** ။အထက်၌ ပြထားသော စကား အတိုကလေးအတိုင်း စိတ်ကလည်း ဆင်ခြင် နှုတ်ကလည်း ရွတ်စေပြီးမှ သင်္ကန်းကို ဝတ်ပါစေ၊ ဆရာကိုယ်တိုင် ဝတ်ပေးဘို့ရန် အားလပ်ခွင့် ရပါလျှင်လည်း ကိုယ်တိုင် ဝတ်ပေးပါ၊ သို့မဟုတ် ကောင်းမွန်စွာ ဝတ်ပေးတတ်သော ရဟန်း, ကိုရင်, လူဝတ်ကြောင်တယောက်ယောက်ကို ဝတ်ပေးဘို့ရန် စေခိုင်းပါ၊ သို့မဟုတ် ရှင်သာမဏေလောင်းကိုယ်တိုင် ညီညွတ်စွာ ဝတ်တတ်လျှင်လည်း "ဝတ်တော့"ဟု ခွင့်ပြုလိုက်ပါ။